# New Letter ( Jan, Feb and March in 2018)

- ၂၀၁၈ ခုနှစ် ဇန်နဝါရီ (၁၈) ရက်နေ့ ၊ MICT Park STI  Myanmar University တွင် Yangon နှင့် Mandalay Campus ရှိ Business မေဂျာနှင့် Engineering မေဂျာ ကျောင်းသားကျောင်းသူများ၏ Freshers' Welcome ပွဲကို ရန်ကုန်မြို့ရှိ STI Myanmar University MICT Park တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းပွဲတွင် ကျောင်းသားကျောင်းသူများ အချင်းချင်း ခင်မင်ရင်းနှီးစွာဖြင့် လက်ဆောင်ပစ္စည်းများ မဲဖောက်ခြင်း ၊ အဆိုအကများဖြင့် ဖျော်ဖြေခြင်း ၊ မေဂျာအလိုက် King and Queen များကို ရွေးချယ်ခဲ့ခြင်းများ ဖြင့် ပျော်ရွှင်စွာကျင်းပခဲ့ ကြောင်း သိရှိရပါသည်။

-





## STI Myanmar University မှ 2018 Education Seminar ကျင်းပခြင်း

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ (၃) ရက်နေ့တွင် Education seminar တစ်ခုကို STI Myanmar University နှင့် အင်္ဂလန်နိုင်ငံရှိအစိုးရတက္ကသိုလ်ဖြစ်သော University of Bedfordshire တက္ကသိုလ်တို့ ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။



University of Bedfordshire ၏ Vice Chancellor ဖြစ်သော Mr. Bill Rammell မှ " The Challenges Facing Education In Today's Fast Changing World" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး "A New Dawn in Myanmar: Opportunities & Challenges for Education" အမည်ရသော Panal Discussion တွင်လည်း ပါဝင်ဆွေးနွေးပေးခဲ့ပါသည်။ တက်ရောက်လာသော ဂုဏ်သရေရှိ ဧည့်ပရိတ်သတ်များမှလည်း တက်ကြွစွာ ပါဝင်ဆွေးနွေးပေးခဲ့သလို သိရှိလိုသည်များကိုလည်း မေးမြန်းခဲ့ကြပါသည်။ အဆိုပါပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသော ဧည့်ပရိတ်သတ်များ၊ STI Myanmar University တွင် တက်ရောက်လျှက်ရှိ သော ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် မီဒီယာများမှ တက်ကြွစွာ တက်ရောက်ခဲ့ကြပါသည်။








## STI Myanmar University မှ ဖေဖော်ဝါရီ ၂၀၁၈ စာသင်နှစ်အတွက် ပညာသင်ဆုများချီးမြှင့်ခြင်း

ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက်တစ်ထောင့်တစ်နေရာမှပါဝင်နိုင်ရန် STI Myanmar University သည် မြန်မာနိုင်ငံတဝန်းရှိထူချွန်ကျောင်းသား/ သူများအားများထဲမှ (ဖေဖော်ဝါရီလ ၂၀၁၈ နှစ် စာသင်နှစ် အတွက်) ဆု ရရှိသူများအား ထုတ်ပြန်ကြေငြာ ထားပါသည်။ ယင်းပညာသင်ဆုများမှာ University of Bedfordshire (UK) မှချီးမြှင့်သည့် မဟာဘွဲ့များဖြစ်သော MBA ၊ MSc( Public Health) နှင့် MA Applies Linguistics (TEF) မဟာဘွဲ့များအတွက် ဖြစ်ပါသည်။ ပညာသင်ဆု လျှောက်ထားသူများထဲမှ ရခိုင်ဒေသအပါအဝင် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောနေရာများတွင် ပြန်လည် အလုပ်အကျွေးပြုလိုသော စိတ်အားထက်သန်မှုရှိခြင်း၊ မိမိသင်ကြားလိုသောသက်ဆိုင်ရာ ဘာသာရပ်တွင်လည်း စိတ်ဝင်စားမှုရှိခြင်း ၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုချင်သော စိတ်ဓါတ်ရှိပြီး တာဝန်ယူနိုင်မှု အပြည့်ရှိ၍ တိုင်းပြည်အတွက် အားကိုးနိုင်သော လူငယ်များဖြစ်ခြင်း၊ အကြမ်းဖက်လုပ်ရှားမှုများတွင် ပါဝင်ပတ်သတ်မှုမရှိခြင်း၊ ကိုယ့်ကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ စသည့် အချက်အလက်များကို အဓိကထား၍ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။



## ပညာသင်ဆုရွေးချယ်ရေးကော်မတီတစ်ခုကိုဖွဲ့စည်းထားခြင်း




ထိုကော်မတီတွင် ထင်ရှားသော စီးပွားရေးပညာရှင်ဖြစ် သော မြန်မာ့အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းအပါအဝင် အဖွဲ့အစည်းများ ၊ စီးပွားရေးလုပ်ငန်းများ၏ အတိုင်ပင်ခံ ၊ စီးပွားရေးတက္ကသိုလ်၏ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီးဒေါ်လှမြင့်၊ ဆေးပညာပါမောက္ခ (အငြိမ်းစား) ၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့ (Myanmar Academy of Medical Science ) ၏ ဥက္ကဌ ပါမောက္ခဆရာကြီး ဒေါက်တာနေဝင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ၊ ဗိသုကာပညာဌာန၏ အငြိမ်းစား ပါမောက္ခ ၊ STI Myanmar University အင်ဂျင်နီယာဌာန၏ ဌာနမှူး ပါမောက္ခဆရာကြီး ဦးပါစီမျိုးမြင့်၊ နည်းပညာနယ်ပယ်တွင် ထင်ရှားသော စွန့်ဦးတီထွင်သူ ၊ Information Matrix Co., Ltd ၏ CEO ၊ 7Days News ၊ 7Days Digital Journal ၊ Internet Journal ၊ Myanmar People Magazine တို့၏ ထုတ်ဝေသူ ၊ Myanmar Computer Professional Association ၏ ဥက္ကဌ ၊ UMFCCI၏ အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးသောင်းစုငြိမ်းတို့ ပါဝင်ကြောင်း သိရှိရပါသည်။

***The picture of SCHOLARSHIP AWARD***




ပညာသင်ဆုရရှိသူများမှာ

၁။ ဦးသိန်းလိုင် ၊ ၇/ပမန (နိုင်) ၀၇၁၈၄၁ ၊ နတ္တလင်းမြို့၊ MSc ( Public Health) ၁၀၀%

၂။ မလဲ့ယဉ်ဝင်း ၊ ၅/ဆလက (နိုင်) ၀၆၅၉၈၃ ၊ ဆားလင်းကြီးမြို့ MBA (General) ၁၀၀%

၃။ မအေးမြတ်မိုးဦး ၊ ၁၄/ပတန (နိုင်) ၀၁၀၀၂၁ ၊ ရန်ကုန်မြို့ MBA (General) ၃၀%

၄။ မောင်ထက်အောင်ကျော် ၊ ၉/မဟမ (နိုင်) ၀၃၃၉၀၄ ၊ မန္တလေးမြို့ MBA ( General ) ၂၅%

၅။ Ms.Abishave ၊ ၄/ ဟခန (နိုင်) ၀၄၂၄၄၀ ၊ ဟားခါးမြို့ ၊ MA Applied Linguistics ( TEFL) 30% တို့ဖြစ်ကြောင်း သိရှိရပါသည်။

## STI Myanmar Universtiy ၏ ၁၁ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား




STI Myanmar University ၏ (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ (၄) ရက်နေ့ ပြည်လမ်း Lotte Hotel Crystal Ballroom တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားကို NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ဝင်း၊ လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဒေါ်နီလာကျော် နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မိတ်ဖက်တက္ကသိုလ်ဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire ( UOB) မှ Vice Chancellor Mr.Bill Rammell နှင့် Executive Dean Professor Helen Bailey ၊ STI Myanmar University မှ Managing Director Daw Khin Aye Win နှင့်တကွ အုပ်ချုပ်ရေးနှင့် သင်ကြားရေးအဖွဲ့ဝင်များ ၊ ကျောင်းသားမိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘွဲ့နှင့်အောင်လက်မှတ်ရ ရှိထားသော ကျောင်းသားကျောင်းသူ၆၀၀ ကျော်အနက်မှ ၃၆၅ဦး တက်ရောက် ပြီး BA ( Hons) ၊ Business Administration ( UOB) ၊ BBA in Management ( The Open University of HongKong) ဘွဲ့များအပါအဝင် ဒီပလိုမာနှင့် အောင်လက်မှတ်များ ၊ ထူးချွန်ဆုများကို အသီးသီးချီးမြှင့်ခဲ့ပါသည်။

## STI Myanmar University မှ Final Year တက်ရောက်ကြမည့် Engineering ကျောင်းသားကျောင်းသူများ အလုပ်သင်(Internship) သွားရောက်ခြင်း

STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်းဖွင့်လှစ်သော BEng ( Hons ) အင်ဂျင်နီယာဘွဲ့သင်တန်းများတွင် ပညာဆည်းပူး သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတက်နေစဉ်အတွင်းလုပ်ငန်းခွင်အတွေ့အကြုံရရှိစေရန် ဆောက်လုပ်ရေးကုမ္ပဏီ ကြီးများ၌ အလုပ်သင် ဝန်ထမ်းအဖြစ် ဝင်ရောက်လေ့လာ နိုင်ရန် STI Myanmar University မှ နှစ်စဉ် စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။ ယခုအခါ တတိယအကြိမ်အဖြစ် Civil ၊ Atchitectural နှင့် Electronic major အသီးသီးမှ နောက်ဆုံးနှစ် တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူ စုစုပေါင်း (၆၂)ဦး သည် သက်ဆိုင်ရာ ကုမ္ပဏီများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် မတ်လ (၁၂) ရက်နေ့မှစတင်၍ တစ်လတိတိ လုပ်ငန်းခွင် အသီးသီးဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။



 

## STI Myanmar University မှ Architectural ကျောင်းသားများ၏ အစ္စရေးနိုင်ငံ Tel Aviv တက္ကသိုလ်သို့ လေ့လာရေးခရီးစဉ်

STI Myanmar University နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်သော BEng(Hons)Architectural Engineering ဘွဲ့သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများသည် ကမ္ဘာ့အဆင့် အထင်ကရဗိသုကာပညာရပ်များ လေ့လာဆည်းပူးရန် ၂၀၁၈ခုနှစ် မတ်လ(၁၄) မှ မတ်လ(၂၆) ရက်အထိ အစ္စရေးနိုင်ငံသို့ပညာသင် လေ့လာရေး ခရီးအဖြစ် သွားရောက်ခဲ့ကြပါသည်။



STIMU ၏ Lecturer, Israeli Architect Mr. Guy Nir ဦးဆောင်သော ကျောင်းသားများသည် အစ္စရေးနိုင်ငံရှိ ရှေးဟောင်း အဆောက်အဦ များ ၊ ခမ်းနားကြီးကျယ်သော ပြတိုက်များ၊ ဂျူးဘာသာ ဘုရားရှိခိုးကျောင်း၊ ဘုံဗိမာန်များ၊ဗလီများ၏ ဗိသုကာ လက်ရာများကို သွားရောက်လေ့လာခဲ့ကြပြီး Tel Aviv တက္ကသိုလ်ရှိ အလုပ်ရုံဆွေးနွေးပွဲတွင် Tel Aviv တက္ကသိုလ်မှ ဆရာများ ၊ ကျောင်းသား ကျောင်းသူများနှင့် လက်တွေ့ဗိသုကာပုံကြမ်းများရေးဆွဲခြင်း၊ စိတ်ကူးပုံဖော်ခြင်း ၊ ပုံစံငယ်များ တီထွင်ဖန်တီးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။

၊





<u>**STI Myanmar University ၏ပျော်ရွှင်ဖွယ် ရန်ကုန်- မန္တလေး- ပုဂံ လေ့လာရေး ခရီးစဉ်**</u>

ိ



 

STI Myanmar University မှ University of Bedfordshire (UK) နှင့် The Open University of Hong Kong တို့၏ စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ရကျောင်းသားကျောင်းသူများအနေနှင့် မတ်လ ၂၃ရက်နေ့မှ ၂၅ရက်နေ့အထိ မန္တလေးမြို့နှင့်ပုဂံမြို့အနှံ့ ဘုရားဖူးလျှောက်လည်ရင်း မန္တလေးမြို့ Sakura Princess Hotel တွင် STI မှကြီးမှူးကျင်းပခဲ့သော "ပညာထူးချွန် စာပေမွန်" စာပေဟောပြောပွဲကိုလည်းတက်ရောက်ပြီး မိမိတို့၏ အောင်မြင်မှုသော့ချက်၊ ကျောင်းသားဘဝအတွေ့အကြုံ များကိုမျှဝေရှင်းလင်းပြောပြခဲ့ကြပါသည်။